# ခေတ်သစ်ကမ္ဘာ၏ အစောပိုင်းကာလ သုံးပွင့်ဆိုင် မူဆလင် အင်ပါယာ

အေဒီ ၁၅၊ ၁၆ ရာစုများတွင် အဓိက မူဆလင်အင်ပါယာ သုံးခု ပေါ်ထွက်လာခဲ့သည်။ ၎င်းတို့မှ အော်တိုမင် အင်ပါယာသည် အရှေ့အလယ်ပိုင်း ဒေသအများစု၊ ဘောလ်ကန်ဒေသနှင့် အာဖရိကမြောက်ပိုင်းဒေသများကို အုပ်ချုပ်ထား၍၊ ဆဖာဗစ်ဒ် အင်ပါယာမှာ အီရန်နိုင်ငံကြီး ဖြစ်ကာ၊ မဂိုအင်ပါယာမှာ တောင်အာရှဒေသများကို အုပ်ချုပ်ထားပေသည်။ ထိုအင်ပါယာ သစ်ကြီး သုံးခုသည် တိုးတက်ပြန်ကားလျက် နယ်မြေသစ်များရှာဖွေတွေ့ရှိကာ အခြေခိုင်သော ပိုမို စိတ်ချလုံခြုံသည့် အင်ပါယာကြီးများ ဖြစ်ခဲ့ပေသည်။ ၁၉ ရာစု နောက်ပိုင်းတွင်မှ ၎င်းတို့သည် မှေးမှိန်လာခဲ့ပြီး၊ ၂၀ ရာအစု အစောပိုင်း ပထမကမ္ဘာစစ် ပြီးချိန်တွင် နောက်ဆုံး မူဆလင် အင်ပါယာ အော်တိုမင်မှာ ပြိုကွဲခဲ့ပေသည်။

## မဂိုအင်ပါယာ

မဂိုအင်ပါယာသည် အာရှအလယ်ပိုင်း ဒေသများမှာ ထွက်ပေါ်လာခြင်း ဖြစ်၍၊ အိန္ဒိယတိုက်ငယ်သို့ ဝင်ရောက်သိမ်းပိုက်ခဲ့ပေသည်။ ၎င်းကို အေဒီ ၁၅၂၆ ခုနှစ်တွင် ဒေလီ မူဆလင်မင်းဆက်ကို ဖျက်သိမ်းကာ တီမူရီးဒ် မင်းသား ဘာဘော်က တည်ထောင် ခဲ့၍၊ မြို့တော်မှာ အဂ္ဂရာ ဖြစ်ပေသည်။ နှစ်များမကြာမီ ဘာဘော်မှာ နတ်ရွာစံခဲ့ကာ ပြတ်သားမှု မရှိသော အုပ်ချုပ်ရေးများကြောင့် တိုင်းပြည် မတည်မငြိမ် ဖြစ်ခဲ့ရပေသည်။ အာဖဂန်မှ သျှာသျှား၏ တော်လှန်ခြားနားမှုကြောင့် ရှုံးနိမ့်ခဲ့ရပြီး မဂိုတို့အင်အား ချိနဲ့လာခဲ့ပေသည်။ ထိုအချေအနေကို ဘာဘော်၏ သား ဟူမယွန်က ဆက်ခံလိုက်ရပေသည်။ သို့သော် ဘာဘော် နတ်ရွာစံပြီး တစ်နှစ် အတွင်းတွင်ပင် ဟူမယွန်သည် တိုင်းပြည်ကို ပြန်လည် ထိမ်းသိမ်းနိုင်ခဲ့ပြီး ဆုံးရှုံးခဲ့ရသော နယ်မြေ အများစုကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် အေဒီ ၁၅၅၆ တွင် သူ၏ သား အက္ကဘာရ် အသက် ၁၃ နှစ်အရွယ်သည် ထီးနန်းကို ဆက်ခံခဲ့သည်။ အက္ကဘာရ်၏ လက်ထက်တွင် မဂိုအင်ပါယာကို ပြန်လည် စုစည်းနိုင်ခဲ့သည့်အပြင် အုပ်ချုပ်ရေးကိုလည်း တိုးချဲ့ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့သည်။ အက္ကဘာရ်၏ နောက်ပိုင်းတွင် ဂျဟန်ဂါးနှင့် သျှားဂျဟန်တို့ အာဏာရလာခဲ့သည်။ ထို့နောက်ဆက်ခံသော အူရန်ဂဇတ် သည် အုပ်ချုပ်မှု လွတ်နေသော အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်မှ ဒေသများကို ထိမ်းသိမ်းနိုင်ခဲ့သည်။

ထိုအင်ပါယာသည် ယခုခေတ် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်ဟု သိသော ဒေသများကို ရာစုများစွာ အုပ်ချုပ်ခဲ့ပေသည်။ ၁၈ ရာစု အစောပိုင်း ၎င်းတို့အာဏာ မှေးမှိန်လာသောအခါ အိန္ဒိယတိုက်သည် များစွာသော စော်ဘွားများ အုပ်ချုပ်သည့် တိုင်းပြည်စုကလေးများ ဖြစ်လာခဲ့သည်။ ၁၈၅၇ ခုနှစ် အိန္ဒိယ တော်လှန်ထကြွမှု နောက်ပိုင်းတွင် မဂိုအင်ပါယာသည် တဖြေးဖြေးနှင့် ဗြိတိသျှအင်ပါယာ၏ အတွင်းသို့ ကျရောက်ခဲ့တော့သည်။

## ဆဖာဗစ်ဒ် အင်ပါယာ

ဆဖာဗစ်ဒ် (ပါရှန်- صفویان) အာဇာဘိုင်ဂျန် အီရန်လူမျိုးများမှ ထူထောင်သော အီရန် နန်းဆက် ဖြစ်ပေသည်။ ၎င်းသည် အေဒီ ၁၅၀၁ မှ ၁၇၃၆ ခုထိ အုပ်ချုပ်ခဲ့၍၊ ၎င်းသည် ၁၂ ပါးအယူ ရှီယာ အစ္စလာမ်ကို အီရန်၏ နိုင်ငံတော် ဘာသာအဖြစ် ပြဌာန်းကာ ၎င်း၏ စည်းလုံးညီညွတ်သော ပြည်နယ်ဒေသများကို တစ်ခုတည်းသော အီရန်၏ အချုပ်အခြာထဲ၌ ထားရှိခဲ့၍ ပါရှားအင်ပါယာ၏ သိက္ခာကို ပြန်လည် ထွန်းညှိနိုင်ခဲ့ပေသည်။

(၁၂ ပါးအယူ ဆိုသည်မှာ သာဝကကြီး အလီမှစ၍ ကိုယ်တော် မုဟမ္မဒ်၏ သားမြေးအရင်း စဉ်ဆက် ၁၂ ပါးကို သာသနာ့ ဦးသျှောင်ဟု လက်ခံသော အယူဝါဒ ဖြစ်သည်။)

သူတို့သည် အလီ အိဗနိ အဘူ တွာလက်၏ အမျိုးအနွယ်များဟု ခံယူသော်လည်း ဆဖာဗစ်ဒ်များမှာ မူလဇာတိအားဖြင့် ဆွန်နီ အစ္စလာမ်များ ဖြစ်ကြပေသည်။ ( ဆာဖာဗစ်ဒ် ဟူသောအမည်မှာ ဆူဖီ ဟု ခေါ်သော ဆဖာဗီ ဖြစ်သည်။) ၎င်းတို့၏ ဇစ်မြစ်ကို နောက်ကြောင်းပြန်လှန်လျှင် မြောက်ပိုင်း အီရန်လူမျိုး ဖီရွတ်စ် သျှား ဇာရင်ခိုလာ၏ မျိုးရိုးဖြစ်ပေသည်။ သူတို့၏ လက်ထက်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

တွင် ၁၂ပါး အယူ ရှိယာ အစ္စလာမ်ကို အီရန်၏ နိုင်ငံတော် ဘာသာအဖြစ် ပြဋ္ဌာန်းသောကြောင့် ၎င်း၏ အိမ်နီးချင်း ဆွန္နီ အစ္စလာမ်များနှင့် မတူခြားနားနေပေသည်။

၁၅၂၄ ခုနှစ်တွင် တာဟ်မစ်ပ် နန်းတက်လာသော အခါတွင် ဒေသတွင်း လက်မှုပညာ ထွန်းကားမှုမှာ သိသာထင်ရှားစွာ ရှင်သန်လာခဲ့၍၊ အီရန်၏ မြို့တိုင်းတွင် ကော်ဇောလုပ်ငန်းများမှာ တွင်ကျယ် အရေးပါလာခဲ့ပေသည်။ ဝိုင်အရက်သောက်သုံးခြင်း၊ ယစ်မူးသောအစာ သုံးဆောင်ခြင်းများကို တားမြစ်ခဲ့ပြီး၊ လောင်းကစားရုံများကို ပိတ်ပင်ခဲ့ပေသည်။

တာဟ်မစ်ပ် ၏ မြေး သျှား အဘာ့စ် (၁) လက်ထက်တွင် အင်ပါယာ၏ ဂုဏ်ရှိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ကာ၊ နေပြည်တော်ကိုလည်း အက်ဖ်ဟန်သို့ ပြောင်းရွှေ့ခဲ့ပေသည်။ ၎င်းသည် ဆိပ်ကမ်းမြို့ ဖြစ်၍၊ ထိုဆိပ်ကမ်းမြို့ကို ပြန်လည် ပြင်ဆင်မွမ်းမံကာ ဥရောပနှင့် ကုန်သွယ်ရေး တည်ဆောက်ခဲ့ပေသည်။

## အော်တိုမင် အင်ပါယာ

အေဒီ ၁၃ ရာစု၏ ဒုတိယ နှစ်ဝက်ပိုင်းတွင် ဆဲလ်ဂျာ့က် တာ့က်များသည် မကြာခဏ ကျဆုံးခဲ့ရ၍ အနာတိုလီးယားသို့ မွန်ဂိုတို့ ကျူးကျော်ပြီးနောက်ပိုင်းတွင် ပို၍ အထိနာခဲ့ပေသည်။ ထိုအကျိုးဆက်ကြောင့် ဘေလက်စ်ကဲ့သို့ လူသိများသော တာကက်ရှ် အုပ်ချုပ်ရေး အဖွဲ့စုများ ဖြစ်သည့် များစွာသော ထူထောင်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပေသည်။ အော်တိုမင် နန်းဆက်ကို ထူထောင်သော အွတ္တမာန် (၁) သည် ထိုအုပ်ချုပ်ရေး အဖွဲ့စုများမှ တစ်ဦးဖြစ်သော ၁၂၈၁ တွင် သူ့ဖခင် အာတီဂူးလ်အား ဆက်ခံသူ ဖြစ်ခဲ့သည်။ ၁၂၉၉ တွင် အောင်တိုမင် စော်ဘွားဒေသကို လွတ်လပ်ရေးကြေငြာပြီး၊ သူသည် တစ်စိုက်မတ်မတ် အောင်မြင်မှုများဖြင့်  ဘိုင်ဇန်တိုင်ကို အောင်မြင်ခဲ့ပေသည်။ အေဒီ ၁၃၃၁ အွတ္တမာန်၏သားနှင့် သူ့ကို ဆက်ခံသော အော်ဟန် (၁) လက်ထက်များတွင်  အော်တိုမင်တို့သည် ဘိုင်ဇန်တိုင်၏ ယခင် နေပြည်တော်ဟောင်း နီကာယာကို သိမ်းပိုက်ခဲ့ပေသည်။ ဆာ့ဗ်များကို ဆန့်ကျင်လျှက် ၁၃၈၉ တွင် ကိုဆိုဗိုကို အောင်မြင်ခဲ့သည်။ ထိုမှ ဥရောပသို့ ပြန့်ကားထိုးဖေါက်ခဲ့ပေသည်။ ဘေယီဇာ့ဒ် (၁) လက်ထက်တွင် အော်တိုမင်တို့သည် အနာတိုးလီးယားနှင့် ဘော်လကန်ဒေသတွင် ခိုင်မာစွာ တည်ဆောက်ထားနိုင်ခဲ့သည်။ ထိုကာလသည် အင်ပါယာ ကြီးထွားထွန်းကားသော ခေတ်ကာလ ဖြစ်ခဲ့ပေသည်။

အေဒီ ၁၄၀၂ အန်ကာရာ စစ်ပွဲတွင် မွန်ဂို စစ်မင်း တီးမားက ဘေယီဇာ့ဒ် အား ဖမ်းဆီးသွားသောကြောင့် အော်တိုမင်တို့၏ တဟုန်ထိုး ကြီးထွားမှုမှာ ရပ်တန့်သွားခဲ့သည်။ ထိုပဋိပက္ခများကြောင့် အော်တိုမင်တို့ အကျပ်ရိုက်သော ကာလကို ကြုံခဲ့ရပေသည်။ ထိုအကျိုးဆက်ကြောင့် ဘေယီဇာ့ဒ်၏ သားများက မိမိပိုင်ဒေသများကို ကိုယ်ပိုင်လွတ်လပ်သော နယ်မြေများအဖြစ် ကြေငြာခဲ့၍၊ မကြာမီကာလအတွင်းမှ အော်တိုမင်လက်အောက်ခံ နိုင်ငံများဖြစ်သော ဒေသများကလည်း လွတ်လပ်သော နိုင်ငံများအဖြစ် ခံယူခဲ့ကြတော့သည်။ သို့သော် ဘေယီဇာ့ဒ်၏ သားအငယ် မာမက် (၁)က သူ့နောင်တော်များအား ဆန့်ကျင်၍ အေရှားမိုင်းနား အားလုံးကို တစ်စုတစ်စည်းထု ပြန်လည် ထူထောင်ရန် လှုပ်ရှားခဲ့မှုမှာ အောင်မြင်ခဲ့၍၊ မကြာမီ ကာလအတွင်း အော်တိုမင် အင်ပါယာမှာ ပြန်လည်ခေါင်းမော့လာခဲ့ပြီး၊ သူ့ကိုယ်သူလည်း အော်တိုမင် ဘုရင်မင်း အဖြစ် ၁၄၁၃ ခုနှစ် တွင် ကြေငြာခဲ့ပေသည်။

ဤခေတ်ကာလများအတွင်း အောင်တိုမင်တို့၏ ရေတပ်အင်အား ဖြန့်ကျက်မှုကိုလည်း မစဉ်းစား၍ မရချေ။ အစဉ်အလာ ရေတပ်အင်အား ကြီးမားသော် ဗင်းနင့်စ်တို့အား ပုခုံးချင်း ယှဉ်နိုင်ခဲ့ပေသည်။ ဘော်လကန်ဒေသာများကိုလည်း ပြန်လည် အောင်မြင်နိုင်ရန် ချည်းကပ်လာခဲ့ပေသည်။ မာမက်၏ မြေး မာမက် (၂) လက်ထက် (၁၄၅၁–၁၄၈၁) တွင် အော်တိုမင်တို့၏ အင်အားမှာ ဘိုင်ဇန်တိုင်၏ နေပြည်တော် ကွန်စတန်တီနိုဘဲယ်အား သိမ်းပိုက်ထိမ်းချုပ်ရန် အင်အား စံချိန်မှီလာခဲ့သည်။ သိမ်းပိုက်ရန် မီးသေနတ်များနှင့် အမြောက်များကို သုံးစွဲနိုင်ပြီဖြစ်၍၊ ဘိုင်ဇန်တိုင်တို့အနေဖြင့် ခုခံနိုင်အား မရှိချေ။ ဘိုင်ဇန်တိုင် ခံတပ်များကို အေဒီ ၁၄၅၃ ခုနှစ်တွင် အောင်တိုမင်တို့ ချိုးဖျက်နိုင်ခဲ့၍ ၅၄ ရက်အတွင်း၌ မြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ အောင်နိုင်သူ မာမက် (၂) သည် မြို့တွင်းသို့ ဝင်ရောက်လာ၍ ၎င်းကို အစ္စတန်ဘူလ် ဟု အမည်ပြောင်းခဲ့ပေသည်။ နောက်ပိုင်းတွင် ဆက်ခံသောသူများ လက်ထက်တွင် အော်တိုမင် အင်ပါယာကို ခိုင်မာကျယ်ပြန့်စွာ တည်ဆောက် နိုင်ခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အေဒီ ၁၆ ရာစု အစောပိုင်းတွင် ရှိယာ ဆဖာဗစ်ဒ် နန်းဆက်သည် သျှားအစ္စမာလ်အီလ် (၁) လက်ထက်တွင် တာကိုမန် ပြည်ထောင်စု **အာ့က်ကိုယွန်လူ** (တာကိုမန် ဖြူများ) ကို နှိမ်နင်း၍ ပါရှားအင်ပါယာ ကို ပုံပြောင်းခဲ့ပေသည်။ အော်တိုမန်ဘုရင် ဆလင်းမ် (၁)သည် ဆဖာဗစ်ဒ်တို့၏ ထကြွမှုနှင့် နယ်မြေချဲ့ထွင်မှုများကို ပြန်လည်နှိမ်နင်းခဲ့၍ ၁၅၁၄ ခု ချားလ်ဒီယန် စစ်ပွဲမှာ ထင်ရှားပေသည်။ ဆလင်းမ်သည် အီဂျစ်တွင် အုပ်ချုပ်နေသော မန်လွတ်က်များကိုလည်း နန်းချ၍ အောင်တိုမင် အင်ပါယာ အတွင်းသို့ သွပ်သွင်းခဲ့ပေသည်။ ဆလင်းမ်၏ (၁)၏ ဆက်ခံသူသည် ဆဖာဗစ်ဒ်တို့၏ အာရုံပြောင်း၍ အရှေ့ဘက် ဥဇဘက် ရှေ့တန်းသို့ ချည်းကပ်မှုများကို အခွင့်အရေးယူနိုင်ခဲ့၍ ယခင်က ဆလာဗစ်ဒ်တို့ လက်တွင်းသို့ ကျရောက် ခဲ့သော ဘဂ္ဂဒတ်အား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော်လည်း ဆလာဗစ်ဒ်တို့၏ ပါဝါသည် အရေးပါနေဆဲဖြစ်၍ အော်တိုမင် အင်ပါယာအတွက် ပြိုင်ဘက်ဖြစ်နေခဲ့ပေသည်။  ဆိုလိုင်မံ (၁)သည် အေဒီ ၁၅၂၆ ခုနှစ် မိုဟက်ခ် စစ်ပွဲပြီးနောက် ဟန်ဂေရီ၏ အတွင်းပိုင်းအထိ ထိုးဖေါက်နိုင်ခဲ့ပေသည်။ ထို့နောက် ဗီယင်နာ၏ တံခါးဝအထိ ရောက်ရှိလာခဲ့၍ နောက် ၁၀ နှစ်အကြာတွင် ရောမ ဘာသာရေး အင်ပါယာ၏ ချားလ် (၅)ကို ဆန့်ကျင်သော ပြင်သစ်မှ ဖရန်စစ် (၁)နှင့် ဖရန်ကို အော်တိုမင် မဟာမိတ် စာချုပ်ကို ချုပ်ဆိုခဲ့သည်။ ဆိုလိုင်မံ (၁) သည် အေဒီ ၁၅၂၀ မှ ၁၅၆၆ အထိ ထီးနန်း စိုးစံခဲ့၍ အောင်တိုမင် အင်ပါယာသည် အထွင့်အထပ်သို့ ရောက်ရှိခဲ့သည်။ ထိုနောက် ဥရောပတွင် စက်မှုခေတ်ပြောင်း တော်လှန်ရေးဖြစ်လာခြင်းနှင့်အတူ အော်တိုမင် အင်ပါယာမှာ ယုတ်လျော့လာခဲ့ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com